# 1 ယာဉ်မောင်းလိုင်စင်

## 1-6 ယာဉ်မောင်းလိုင်စင်ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း

### (1) ဂျပန်နိုင်ငံ၏အမှတ်စနစ်

အမှတ်စနစ်ဆိုရာတွင် ယာဉ်မတော်တဆဖြစ်ပွားမှုအပြင် မီးပွိုင့်လျစ်လျူရှုခြင်း၊ အရှိန်လွန်မောင်းနှင်ခြင်း၊ စည်းကမ်းမဲ့ရပ်နားထားခြင်း စသည်တို့အပေါ် အမှတ်ပေး၍ စည်းကမ်းဖောက်ဖျက်သည့်အခါတိုင်းတွင် အမှတ်များတိုးပွားစေပြီး သုံးနှစ်အတွင်း စုစုပေါင်းအမှတ်သည် သတ်မှတ်ထားသည့် အရေအတွက် အမှတ်သို့ရောက်ရှိပါက လိုင်စင်ပယ်ဖျက်ခြင်းနှင့် လိုင်စင်ရပ်ဆိုင်းခြင်း စသည့် အပြစ်ပေးစနစ်ဖြစ်သည်။ (ပြီးခဲ့သောသုံးနှစ်အတွင်း၌ ယာဉ်စည်းကမ်း ဖေါက်ဖျက်မှုအရ အပြစ်ပေးခံခြင်း မရှိခဲ့လျှင် ၆မှတ် မှ ၁၄မှတ်သည် ယာဉ်မောင်းလိုင်စင်ရပ်ဆိုင်းခြင်း၊ ၁၅မှတ်နှင့် အထက်သည် လိုင်စင်ပယ်ဖျက်ခြင်း အပြစ်ပေးခံရပါမည်) အထူးသဖြင့် တိုက်ပြေးခြင်း၊ အရက်သေစာသောက်စားမောင်းနှင်ခြင်း (အနည်းငယ်သောက်စားမောင်းနှင်ခြင်း)၊ လိုင်စင်မရှိဘဲမောင်းနှင်ခြင်း စသည်တို့သည် ဆိုးဂါးသော စည်းကမ်းဖောက်ဖျက်မှုဖြစ်သောကြောင့် ပြစ်ဒဏ်လည်း ကြီးမားပါမည်။

### (2) သေးငယ်သောကျူးလွန်မှုကို ယာဉ်လမ်းစည်းကမ်းဖောက်ဖျက်မှုသတိပေးစနစ်ဖြင့်

သေးငယ်သောယာဉ်လမ်းစည်းကမ်းကျူးလွန်မှု (စည်းကမ်းဖောက်ဖျက်ခြင်း)ကို ကျူးလွန်ခဲ့လျှင် ကျူးလွန်သောနေရာ၌ ယာဉ်ထိန်းရဲမှ အပြာရောင်စာရွက် (ယာဉ်လမ်းစည်းကမ်းဖေါက်ဖျက်မှုသတိပေးစာ) နှင့် ယာယီငွေသွင်းချလံကိုပေးမည်ဖြစ်၍ ဒါဏ်ကြေးဆောင်ရန် ကာလအတွင်း (၎င်းနေ့အပါအဝင် ၈ရက်အတွင်း) တွင် စာတိုက် သို့မဟုတ် ဘဏ်သို့ စည်းကမ်းဖောက်ဖျက်မှုဒါဏ်ကြေးငွေကို ပေးဆောင်ပါက ကိစ္စပြီးဆုံးပါမည်။ (စည်းကမ်းဖောက်ဖျက်မှုအမှတ်အပေါင်းခံရမည် မှာ မရှောင်သာပေ) အဓိကအားဖြင့် ယာဉ်စည်းကမ်းဖေါက်ဖျက်မှုအမှတ်နှင့် ဒါဏ်ကြေးငွေမှာ အောက်ပါအတိုင်းဖြစ်သည်။

- **အဓိကယာဉ်လမ်းစည်းကမ်းဖေါက်ဖျက်မှုအမှတ်နှင့် ဒါဏ်ကြေးငွေပမာဏ**

| ယာဉ်လမ်းစည်းကမ်းဖေါက်ဖျက်မှုအမျိုးအစား | အမှတ် | ဒါဏ်ကြေးငွေ (ယာဉ်ကြီး) | ဒါဏ်ကြေးငွေ (ပုံမှန်ယာဉ်) | ဒါဏ်ကြေးငွေ (စက်တပ်နှစ်ဘီး) |
|---|---|---|---|---|
| အရှိန်လွန်မောင်းနှင်ခြင်း (25 km မှ 30 km အတွင်း) | 3 | ယန်း 25,000 | ယန်း 18,000 | ယန်း 15,000 |
| အတန်ကြာစည်းကမ်းမဲ့ရပ်နားထားခြင်း (ယာဉ်မရပ်ရ နေရာစသည့်) | 2 | ယန်း 21,000 | ယန်း 15,000 | ယန်း 9,000 |

# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

| ယာဉ်လမ်းစည်းကမ်းဖေါက်ဖျက်မှုအမျိုးအစား | အမှတ် | ဒါဏ်ကြေးငွေ (ယာဉ်ကြီး) | ဒါဏ်ကြေးငွေ (ပုံမှန်ယာဉ်) | ဒါဏ်ကြေးငွေ (စက်တပ်နှစ်ဘီး) |
|---|---|---|---|---|
| စည်းကမ်းမဲ့ယာဉ်ရပ်နား၊ ရပ်တန့်ထားခြင်း (ယာဉ်မရပ်ရ နေရာစသည့်) | 1 | ယန်း 12,000 | ယန်း 10,000 | ယန်း 6,000 |
| မီးပွိုင့်လစ်လျူရှု (မီးနီစသည့်) | 2 | ယန်း 12,000 | ယန်း 9,000 | ယန်း 7,000 |
| ဖြတ်မသွားရနေရာ၌ ဖြတ်သန်းမောင်းနှင်ခြင်း | 2 | ယန်း 9,000 | ယန်း 7,000 | ယန်း 6,000 |
| ကန့်သတ်နယ်မြေတွင် မောင်းနှင်ခြင်း | 2 | ယန်း 12,000 | ယန်း 9,000 | ယန်း 7,000 |
| အတင်းအဓမ္မကျော်တက်ခြင်း | 2 | ယန်း 12,000 | ယန်း 9,000 | ယန်း 7,000 |
| လမ်းဆုံလမ်းခွဘေးကင်းစွာသွားလာရေး ဂတ္တရားဖေါက်ဖျက်ခြင်း | 2 | ယန်း 12,000 | ယန်း 9,000 | ယန်း 7,000 |
| လက်ကိုင်ဖုန်းအသုံးပြုခြင်း စသည့် | 1 | ယန်း 7,000 | ယန်း 6,000 | ယန်း 6,000 |